ဒုတိယအိမ် နိုင်ငံတကာစာပေဆက်ဆံရေးအင်အားစု

**P.O Box 201 Rochester, NY 14580------Ph: 585-957-6452----Fax: 585-671-4707**

တရုတ်နိုင်ငံရဲ့ခေါင်းဆောင်တွေက

"တရုတ်ပြည်ဟာကွန်မြူနစ်ပါတီရဲ့အာဘော်ဖြစ်တဲ့အသံလွှင့်ဌာနကနေပြည်သူတွေကိုတဘက်သတ်ဝါဒဖြန့်နေတဲ့ နည်းဗျူဟာဟာအောင်မြင်မှာမဟုတ်တော့ကြောင်း၊ တရုတ်ပြည် CNN အသံလွှင့်ဌာနတခုလိုမျိုးကို ပီကင်းမြို့လည်ခေါင်မှာတည်ဆောက်မယ်။ ကျနော်တို့ဟာအနောက်အုပ်စုနဲ့အဆင်ပြေချင်ပါတယ်"

လို့ထုတ်ဖေါ်ပြောနေခဲ့ကြတယ်။

တကယ်တော့အမေရိကန်ပြည်ထောင်စုကဘာရက်အိုဘားမားအစိုးရအသစ်ရဲ့စီးပွားရေးနလံထမဲ့အစီအစဉ်တချို့ကိုတရုတ်ခေါင်းဆောင်တွေစိုးရိမ်မှုတဝက်နဲ့စောင့်ကြည့်နေကြတယ်။ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နဲ့အမေရိကန်နိုင်ငံရေးခေါင်းဆောင်တွေရဲ့ကြံစည်မှုအသစ်တွေထဲမှာ ဂလိုဘယ်လိုက်ဇေးရှင်းကို ပုံစံတမျိုးနဲ့ပြန်ကိုင်တွယ်တော့မယ်ဆိုတာကို .....ပီကင်းတက္ကသိုလ်က နိုင်ငံရေးအတွေးအခေါ်အုပ်စုတွေကောင်းကောင်းသဘောပေါက်လောက်ပါတယ်လို့ထင်ပါတယ်။ ပိုပြီးသေသေချာချာနားလည်နေတဲ့အရာတခုကတော့...

ဒီကနေ့ဟာ ၁၉၉၇ ကာလ.....ဂလိုဘယ်လိုက်ဇေးရှင်းရဲ့နှင်းဆီရောင်သန်းနေတဲ့အကောင်းမြင်ရှုမျှော်မှုတွေပျောက်ဆုံးသွားတဲ့ကာလဖြစ်တယ်။

စီးပွားရေးတိုးတက်လာရင် ဒီမိုကရေစီထွန်းကားလာမယ် ဆိုတဲ့အယူအဆကိုအမေရိကန်ခေါင်းဆောင်တွေကိုယ်တိုင်လက်မခံတော့တဲ့ကာလဖြစ်တယ်။

၂၀၀၁ စက်တင်ဘာတိုက်ခိုက်မှုရဲ့နောက်ပိုင်းနိုင်ငံတကာနိုင်ငံရေးလမ်းကြောင်းပြောင်းမှုကိုသေသေချာချာသုံးသပ်ကြည့်စေချင်ပါတယ်။

................................................................................................................................................................................................................

## ကြေကွယ်ဘွယ်ပြောင်းလဲမှုများနှင့် ဂလိုဘယ်လိုက်ဇေးရှင်း ရဲ့အမှောင်ခြမ်း (၁)

### မိတ်ဆက်

အမေရိကန်နိုင်ငံရေးသိပ္ပံစာသင်ကျောင်းတွေမှာသင်ကြားနေတဲ့.စာအုပ်(၄) အုပ်ကို ရောမွှေပြီးသုံးသပ်တင်ပြကြည့်ချင်ပါတယ်။
Lilia Shevtsova ရေးတဲ့ ပူတင်ရဲ့ရုရှား၊
Donald M. Snow ရဲ့ ခေတ်သစ်အတွက်အမျိုးသားလုံခြုံရေး၊
Snow ရဲ့ဒုတိယကမ္ဘာစစ်အပြီးအမေရိကန်နိုင်ငံခြားရေးမူဝါဒများ၊
Michael G. Roskin ရဲ့ နိုင်ငံများနှင့်အတွေးအခေါ်များ..စာအုပ်တွေဖြစ်တယ်။

အပိုင်းလိုက်တင်ပြမဲ့ဆောင်းပါးတွေအတွက် ကြိုတင်ဝန်ခံထားချင်တာတခုတော့ရှိတယ်။ နိုင်ငံအားလုံးရဲ့မီဒီယာတွေ၊ စာအုပ်တွေမှာဘက်လိုက်မှုတွေရှိနိုင်ပါတယ်။ ပီကင်းရီဗျူးမှာလည်းဘက်လိုက်မှုတွေရှိသလို၊ ဝါရှင်တန်ပို့စ်မှာလည်းရှိနိုင်ပါတယ်။ အယ်ဂျာဇီးယားကလည်းအရှေ့အလယ်ပိုင်းအကြောင်းတင်ပြတဲ့အခါ၊ အမေရိကန်ကောင်းကြောင်းတခုမှမပြောသလို၊ ဖောက်က်စ် နယူးအေဂျင်စီကလည်း ကွန်ဆာဗေးတစ်လက်သစ်တွေရဲ့အာဘော်တွေဖြစ်တတ်ပါတယ်။ အရေးကြီးတာက ကိုယ်ကဘယ်လိုရှုထောင့်နဲ့သုံးသပ်မလဲ၊ ကိုယ့်နိုင်ငံဒီမိုကရေစီရေးအတွက်ဘယ်လိုအသုံးချမလဲဆိုတာနားလည်ဖို့လိုပါတယ်။













စစ်အေးတိုက်ပွဲကာလတွေကိုပြန်သုံးသပ်တဲ့အခါတိုင်း ဝမ်းနည်းစရာကောင်းတဲ့ခံစားမှုတွေကျနော်တို့ဆီကိုစိမ့်ဝင်လာတတ်ပါတယ်။
ကျနော်တို့က စာပေလွတ်လပ်ခွင့်မရှိတဲ့နိုင်ငံမှာမွေးခဲ့တယ်။ နိုင်ငံကြီးတွေက အတွေးအခေါ်အရလွှမ်းမိုးကျားကန်ပေးထားတဲ့ Proxy Wars တွေထဲမှာ ရှင်သန်ရုန်းကန်ခဲ့ကြတယ်။ တဘက်မှာ စစ်အာဏာရှင်တွေရဲ့ချေမှုန်းမှုတွေကိုရှောင်တိမ်းနေခဲ့ရတယ်။ နိုင်ငံတကာမှာဖြစ်ပျက်နေတဲ့အချက်အလက်တွေကိုရဖို့၊ အယူအဆပေါင်းစုံကိုရဖို့ဆိုတာဗမာပြည်ထဲမှာသိတ်လွယ်ကူလှတဲ့အရာတွေမဟုတ်ဘူး။

ပြည်ပကိုထွက်လာတဲ့အခါကျတော့ ဆာလောင်နေတဲ့စိတ်ကိုဖြည့်ဆည်းဖို့စတင်လိုက်တဲ့အခါ၊ စဉ်းစားစရာတွေအများကြီးဖြစ်လာတယ်။
ကိုယ်ဖတ်ခဲ့ဘူးတဲ့ ဗမာပြည်က နိုင်ငံရေးစာအုပ်တွေ၊ အချက်အလက်တွေကိုပြန်သုံးသပ်ကြည့်မိတယ်။ စစ်အေးတိုက်ပွဲကာလအပါအဝင်..ဗမာပြည်က နိုင်ငံတကာအခင်းအကျင်းတွေကို ရေးတင်နေသူတွေဟာ.ဘယ်အုပ်စုကရေးတဲ့စာအုပ်ကိုဘာသာပြန်ထားတာလဲ။ ဘက်တဘက်ထဲကတင်ပြထားတဲ့ဝါဒဖြန့်စာပေလား၊ နှစ်ဘက်လုံးရဲ့အမြင်ကိုဖွင့်ပေးထားတဲ့စာအုပ်တွေလား။

၁၉၄၇ မှာဆိုဗီယက်ပြည်ထောင်စုမော်စကိုမြို့ပေါ်ကနေ အမေရိကန်ပြည်ထောင်စုဆီကိုလှမ်းပို့လိုက်တဲ့ ဂျော့ကန်နာရဲ့ "ကြေးနန်းရှည်" ဆိုတဲ့စာတွေ၊ ဆောင်းပါး အိတ်က်စ် ( Article X ) ဆိုတဲ့သုံးသပ်ချက်တွေကိုဘာလို့မဖတ်ခဲ့ရတာလဲ။
( ဆိုဗီယက်ကွန်မြူနစ်တွေရဲ့သဘောသဘာဝကိုခွဲခြမ်းစိတ်ဖြာထားတဲ့စာတွေ၊ ကွန်မြူနစ်ခေါင်းဆောင် စတာလင်ရဲ့ခြေလှမ်းတွေကိုသုံးသပ်ထားတဲ့စာတွေ၊)၊

ဂေါ်ကီ ရဲ့"အမေ" ကိုကျတော့ဖတ်ခဲ့ရပြီး၊ ဘာဖြစ်လို့ "ဂေါ်ကီ" ကိုဘော်ရှီဗစ်ခေါင်းဆောင်တွေက လုပ်ကြံသတ်ဖြစ်ပစ်လိုက်တာကိုကျတော့ မဖတ်ခဲ့ရတာလဲ။ တိန့်ရှောင်ဖိန် က အရင်းရှင်တွေကိုကွန်မြူနစ်ပါတီဝင်အဖြစ်လက်ခံ၊ သူ့ရဲ့သားအကြီးကို ရှိချက်စတာတက္ကသိုလ်မှာ ရူပဗေဒပါရဂူဘွဲ့ရဖို့အတွက်စေလွှတ်ပြီး တီရန်မင်ယင်ပြင်ကျောင်းသားလှုပ်ရှားမှုကိုနှိပ်ကွပ်ပစ်လိုက်ချိန်မှာ.. ကျနော်တို့ ဗမာပြည်ကကျောင်းသားတွေက တရုတ်ပြည်ကိုကွန်မြူနစ်နိုင်ငံအဖြစ်ယုံကြည်သတ်မှတ်နေဆဲလား။ တိုင်းပြည်စီးပွားရေးတိုးတက်အောင်လုပ်တဲ့အာဏာရှင်တွေကိုအထင်တကြီးမြှောက်ပင့်ရေးကြမယ်ဆိုရင်..အင်ဒိုနီးရှားက "ဆူဟာတို" ကိုဘယ်လိုသဘောထားမလဲ။ ပြန်စဉ်းစားစရာတွေအများကြီးရှိနေသေးသလို၊ တာဝန်ရှိရှိမပြောခဲ့ကြတဲ့သူတွေကိုလည်း စိတ်ပျက်မိရဲ့။

တကယ်တော့ ဗမာပြည်မှာ...ပြည်တွင်းစစ်စတင်လိုက်ချိန်ကစပြီး..နိုင်ငံတကာအခင်းအကျင်းတွေကို မတူညီတဲ့ရှုထောင့်ကနေမိတ်ဆက်ပေးဖို့ မေ့လျော့နေခဲ့ခြင်းဟာ လစ်ဘရယ်ဒီမိုကရေစီကိုယုံကြည်တယ်ဆိုတဲ့လူတွေရဲ့တာဝန်မဲ့တရပ်ပဲဖြစ်လိမ့်မယ်ထင်ပါရဲ့။

ခုတော့ ဖတ်ခဲ့ဘူးတဲ့စာအုပ်တွေရဲ့နောက်ဆုံးစာမျက်နှာက ရည်ညွှန်းတွေ၊ စာရေးသူရဲ့ကိုယ်ရေးရာဇဝင်တွေ၊ဖြတ်သန်းမှုတွေကိုပြန်ဖတ်ကြည့်နေရတယ်။

ဒီအတွေ့အကြုံတွေက ကျနော်တို့ကိုသတိပေးနေတယ်။ ဘက်တဘက်တည်းကရေးတဲ့စာအုပ်တွေချည်းမဖတ်ဖို့လိုပါတယ်။
စာပေလွတ်လပ်ခွင့်မရှိတဲ့နိုင်ငံတွေဟာရေရှည်မှာထိပ်ပိုင်းကိုရောက်နေတဲ့နိုင်ငံတွေနဲ့ယှဉ်လိုက်တဲ့အခါတိုင်းနောက်ကျကျန်နေခဲ့တာကိုတွေ့ရလိမ့်မယ်။
ဒါပေမဲ့ အိုင်တီခေတ်မှာတော့ ဘက်တဘက်တည်းက ဝါဒဖြန့်မှုတွေချည်းလုပ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။
လက်ရှိကြုံတွေ့နေရတဲ့ပြဿနာတွေကိုသုံးသပ်တဲ့အခါ၊စစ်အေးတိုက်ပွဲကာလကိုချန်လုပ်ထားဖို့ဆိုတာမဖြစ်နိုင်ပါဘူး။
စစ်အေးတိုက်ပွဲကာလကိုပြန်ရေးတဲ့အခါ ဗမာပြည်တုံးကသိခဲ့တာတွေနဲ့မတူတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ပတ်သက်တဲ့သမိုင်းဆိုင်ရာအချက်အလက်တွေ၊ သေနင်္ဂဗျူဟာတွေ၊ ရှုမြင်ပုံတွေဟာ ကွာခြားနိုင်ပါတယ်။ ဒါဟာလည်းအဆန်းတော့ မဟုတ်ပါဘူး။
ရုရှားခေါင်းဆောင်ပူတင်ရဲ့နိုင်ငံရေးအမြင်နဲ့ဥရောပသမဂ္ဂရဲ့အမြင်တွေမတူသလိုမျိုးပဲဖြစ်မှာပါ။
အကျိုးစီးပွားပြိုင်ပွဲတွေမှာ ကိုယ့်အယူအဆကိုနိုင်အောင်ကြိုးစားကြတဲ့နိုင်ငံကြီးတွေ...
ဒီအင်အားကြီးနိုင်ငံတွေရဲ့အသက်တမျှအရေးကြီးလှတဲ့အမျိုးသားအကျိုးစီးပွားတွေကိုခုခံကာကွယ်ဖို့အတွက်..ပြင်ဆင်ရေးဆွဲထားတဲ့နိုင်ငံခြားရေးရာမူဝါဒတွေအောက်မှာ

ကျနော်တို့ရဲ့လွတ်မြောက်ရေးလှုပ်ရှားမှုတွေအတွက်အခွင့်အရေးတွေကဘယ်လိုရှိနေမလဲ။
နိုင်ငံကိုဦးဆောင်မဲ့သူတွေက ဖြစ်စဉ်အားလုံးကို ရီရယ်လစ်(Realist) အမြင်နဲ့ကြည့်လေ့ရှိပါတယ်။

## အပိုင်း(၁)

မကြာသေးခင်ကပြုလုပ်ခဲ့တဲ့ အီရတ်နိုင်ငံရွေးကောက်ပွဲအပြီးမှာ ကုလသမဂ္ဂရဲ့အထွေအထွေအတွင်းရေးမှုးဘန်ကီမွန်းက
"ကျနော်ဟာရွေးကောက်ပွဲရလဒ်ကိုအားရကျေနပ်ခဲ့တယ်" လို့ ထုတ်ဖေါ်ပြောကြားခဲ့တယ်။
ဒါပေမဲ့ အီရတ်မှာရွေးကောက်ပွဲကိုအနိုင်ရခဲ့တဲ့နယ်မြေခေါင်းဆောင်တွေဟာ သူတို့ရဲ့နယ်မြေတွေကိုပြန်မသွားရဲခဲ့ကြဘူး။ လက်ရှိအစိုးရအဖွဲ့ထဲမှာပါဝင်နေတဲ့
စစ်တပ်နဲ့ ရဲ တွေရဲ့လုပ်ကြံသတ်ဖြတ်မှုတွေကိုရင်ဆိုင်ရဘွယ်ရှိတယ်ဆိုတဲ့စိုးရိမ်ကြောင့်ကျမှုတွေကြောင့်ဖြစ်တယ် လို့ထုတ်ဖေါ်ပြောနေကြတယ်။

ဒီနေ့ကျနော်တို့ရှင်သန်နေရတဲ့ကမ္ဘာမှာ… ကုလသမဂ္ဂအဖွဲ့ဝင်တွေပါကစ္စတန်မှာ ပြန်ပေးဆွဲခံရတယ်။
အစ္စရေးစစ်တပ်က ကုလသမဂ္ဂတည်ရှိရာရုံးတွေ၊ ကားတွေကို ဂါဇာနဲ့ လက်ဘနွန်မှာ ဗုံးကြဲချတယ်။
အီရတ်မှာ ကုလသမဂ္ဂဌာနချုပ်တည်ရှိရာကို ၂၀၀၃ ဩဂုတ်စ်လမှာအသေခံဗုံးခွဲသမားတွေဝင်ရောက်တိုက်ခိုက်ခဲ့တယ်။
(အီရတ်ဆိုင်ရာကုလသမဂ္ဂအကြီးအကဲအပါအဝင်ဝန်ထမ်းတော်တော်များများသေကြေဒဏ်ရာရခဲ့ကြတယ်။)
ကုလသမဂ္ဂရဲ့တာဝန်ရှိသူတွေက သူများကိစ္စဖြေရှင်းဖို့ထားအုံး၊ ကိုယ့်ကိုတိုက်စစ်ဆင်တိုက်ခိုက်နေတဲ့လုပ်ရပ်တွေကိုဘာတခုမှာပြန်လည်အရေးယူနိုင်ခွင့်မရှိ တဲ့ခေတ်၊
ဒီလိုကြုံနေရတဲ့ခေတ်ကြီးထဲမှာ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကိုသိတ်ပြီးအချိန်ယူငြင်းခုန်၊ ၁၉၉၀ ကာလတွေကိုဥပမာပေးပြီးဖုန်ထနေတဲ့လမ်းမတွေပေါ်
ပြည်ပကအတိုက်အခံတွေတိုးတိုက်ထွက်ကျပွန်းပဲ့လာကြတယ်)

တကယ်တော့..စစ်အေးတိုက်ပွဲကာလအလွန်ကမ္ဘာဟာသွေးထွက်သံယိုမှုတွေနဲ့ ကုလသမဂ္ဂကိုမလေးမခန့်လုပ်မှုတွေသိတ်များနေခဲ့တယ်။
ဒီလိုဖြစ်ပျက်နေမှုတွေကိုဘယ်အကြောင်းအရာတွေက တွန်းတင်နေခဲ့ပါသလဲ၊ သမိုင်းရဲ့ရိုက်ခပ်မှုတွေကရောဘယ်လိုပုံစံနဲ့ရောက်လာအုံးမှာလဲ။

ဒီကနေ့နိုင်ငံတကာမှာဖြစ်ပျက်နေတဲ့ပြဿာအားလုံးကိုသုံးသပ်ဆွေးနွေးကြတဲ့အခါ နိုင်ငံရေးသိပ္ပံပညာရှင်တွေကကာလအပိုင်းအခြား (၃) ခုကို
ဆက်စပ်ပြီးလေ့လာလေ့ရှိတယ်။

(၁) စစ်အေးတိုက်ပွဲကာလ

(၂) စစ်အေးတိုက်ပွဲကာလအပြီး ၁၉၉၀ ခုနှစ်ကာလတွေရဲ့နှင်းဆီရောင်သန်းနေတဲ့အကောင်းမြင်မှုတွေ၊
ဂလိုဘယ်လိုက်ဇေးရှင်းရဲ့အမြင့်မားဆုံးထိုးဖောက်ဝင်ရောက်နေမှုတွေ၊

(၃) အကြမ်းဖက်သမားတွေရဲ့အမေရိကန်ပြည်ထောင်စုကိုဝင်ရောက်တိုက်ခိုက်လိုက်တဲ့ ၂၀၀၁ ခုနှစ်နောက်ပိုင်းကာလနိုင်ငံရေးလမ်းကြောင်းအပြောင်းအလဲ။

ကာလ (၃) ခုဟာအဆက်အစပ်ရှိနေပါတယ်။ တခုနဲ့တခုကျော်သွားလို့မရပါဘူး။ အဲ့ဒီကာလတွေမှာဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေ၊ပဋိပက္ခတွေ၊ ပါဝါကစားပွဲတွေ၊
ကုန်သွယ်မှုတွေကိုတင်ပြရင်းဗမာဒီမိုကရေစီရေးလုပ်နေတဲ့သူတွေနဲ့လေးလေးနက်နက်ဆွေးနွေးစရာလေးတွေရှိပါတယ်။ ဥပမာ..စစ်အေးတိုက်ပွဲကာလအပြီး ၁၉၉၀ ကာလတွေမှာ
အမေရိကန်ပြည်ထောင်စုဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကိုကူညီဖို့အတွက် လူသားခြင်းစာနာနားလည်တဲ့အကူအညီတွေကိုပေးတဲ့အခါတခါတလေစစ်ရေးအရဝင်ရောက်စွက်ဖက်
တာမျိုးလုပ်လေ့ရှိပါတယ်။ ဒါပေမဲ့ ဆိုမားလီးယား၊ ဟေတီလိုနိုင်ငံတွေမှာအမေရိကန်ပြည်ထောင်စုအတွက်ခါးသီးတဲ့အတွေ့အကြုံတွေရရှိခဲ့တယ်။
ဂလိုဘယ်လိုက်ဇေးရှင်းကိုပြန်လည်တုံ့ပြန်နေတဲ့လှုပ်ရှားမှုတွေကိုဆက်တိုက်ကြုံတွေ့ခဲ့ရတယ်။

အကြမ်းဖက်သမားတွေရဲ့ စက်တင်ဘာ (၁၁) ရက်တိုက်ခိုက်မှုဟာ ဂလိုဘယ်လိုက်ဇေးရှင်းကသယ်ဆောင်လာတဲ့အားနည်းချက်တွေထဲကတခုဖြစ်တယ်လို့
အမေရိကန်ပြည်ထောင်စုရဲ့မူဝါဒရေးဆွဲသူတွေကိုယ်တိုင်ကဝန်ခံပြောဆိုနေခဲ့ကြတယ်။ ၁၉၉၀ ကာလတုံးကလုပ်ခဲ့တဲ့ လူသားချင်းစာနာမှုအပေါ်မှာအခြေခံပြီး
ဝင်ရောက်စွက်ဖက်ခဲ့တဲ့စစ်အင်အားသုံးမှုမျိုးကို ၂၀၀၁ နောက်ပိုင်းမှာတွေ့ရဖို့လွယ်ကူမည်မထင်ပါ။ အပြောင်းအလဲတွေကိုသတိထားစေချင်ပါတယ်။

## ပါးနပ်ထက်မြက်တဲ့ပါဝါ ( Smart Power )

ဟားဗတ်တက္ကသိုလ်ပါမောက္ခ ဂျိုးဇက်နိုင်းကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ပြောနေတဲ့ ထက်မြက်ပါးနပ်တဲ့ပါဝါ ကို…ပါဝါပျော့( သံတမန်ရေး၊ စီးပွားရေး၊
ယဉ်ကျေးမှု့) နဲ့ ပါဝါအမာ (စစ်ရေး) နှစ်ခုကိုပေါင်းစပ်ထားတဲ့အရာဖြစ်တယ် လို့အဓိပ္ပါယ်ဖွင့်ဆိုလိုက်ပါတယ်။ အဲ့ဒီဖွင့်ဆိုမှုကို တိတိကျကျထပ်ပြီးဆွေးနွေးချင်ပါတယ်။
တကယ်တော့ စစ်အေးတိုက်ပွဲကာလဆိုတာ ပထဝီဝင်နိုင်ငံရေး ( Geopolitics) ကိုအဓိကဖောင်းပေးပြီး ပါဝါချိန်ခွင်လျှာညှိကြတဲ့ အယူအဆရေးရာတိုက်ပွဲဖြစ်တယ်။
ဆိုဗီယက်ပြည်ထောင်စုပြိုကွဲအပြီး ၁၉၉၀ ကာလတွေမှာဂလိုဘယ်လိုက်ဇေးရှင်ကိုဖောင်းပေးပြီးနိုင်ငံရေးဇာတ်ရှိန်ကိုမြှင့်တင်လိုက်တဲ့မြင်ကွင်းတွေ၊
အကောင်းမြင်သုံးသပ်ရှုမျှော်မှုတွေကိုတွေ့ရမယ်။ ၁၉၉၀ ကာလတွေကို ဂလိုဘယ်လိုက်ဇေးရှင်းကာလတွေလို့ရည်ညွှန်းပြောဆိုလေ့ရှိကြတယ်။

ဒါပေမဲ့ ပထဝီဝင်နိုင်ငံရေးရဲ့အရေးပါမှုဟာလက်ရှိနိုင်ငံရေးအခင်းအကျင်းဆီကိုတိတိကျကျပြန်ရောက်လာပြီဆိုတာကိုနိုင်ငံရေးခေါင်းဆောင်တွေသဘောပေါက်နေကြတယ်။
ဒါကြောင့် ပါမောက္ခ ဂျိုးဇက်နိုင်းရဲ့စကားကိုပြန်ချဲ့ပြီးပြောရမယ်ဆိုရင်၊ Smart Power ဆိုတာ ပထဝီဝင်နိုင်ငံရေး နဲ့ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ရှုပ်ထွေးသွယ်တန်းနေမှုတွေကို ဟန်ချက်ညီညီစတင်လှမ်းဖို့ပြင်ဆင်နေကြတဲ့အရာတွေဖြစ်တယ်။နိုင်ငံငယ်တွေအတွက် သိတ်ကံကောင်းမဲ့လက္ခဏာမရှိပါဘူး။

## စိတ်ကူးဝါဒီ နှင့် ရီရယ်လစ်များ

အမေရိကန်သမ္မတဟောင်းဂျော့ဘုရှ် နဲ့ ဘီလ်ကလင်တန် တို့ရဲ့" ကမ္ဘာအနှံ့အပြားဆီမှာဒီမိုကရေစီထွန်းကားရှင်သန်ရေး"ဆိုတဲ့ အယူအဆဆိုတာ
 စိတ်ကူးသမားတွေ (Idealists) ရဲ့အတွေးအခေါ်ဖြစ်တယ်လို့အမေရိကန်ရီရယ်လစ်နိုင်ငံရေးသမားတွေ ( Realists) ကဆိုကြတယ်။

သူတို့က ဝုဒရိုးဝီလ်ဆင်ရဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးကိုစပြီးတည်ထောင်စဉ်ကာလကအယူအဆတွေအပါအဝင်၊ ဒုတိယကမ္ဘာစစ်အပြီးဥရောပရဲ့စစ်အတွင်း
ပြန်လည်နလံထစေမဲ့အစီအစဉ်တွေ၊ စစ်အေးတိုက်ပွဲကာလတုံးကရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့ပြဿနာတွေကိုသုံးသပ်ပြရင်း" ဒီမိုကရေစီပြန့်ပွားရေး"ဆိုတဲ့
ဦးတည်ချက်ကိုသေသေချာချာပြန်လည်စဉ်းစားလာတာဖြစ်တယ်။

တကယ်တော့ ဂလိုဘယ်လိုက်ဇေးရှင်း နဲ့ ပထဝီဝင်နိုင်ငံရေး (Geopolitics)  ဆိုတာ တရုတ်လူမျိုးတွေသုံးစွဲနေတဲ့သင်္ကေတတခုဖြစ်တဲ့ " Yin" နဲ့ " Yang" လိုဖြစ်ခဲ့တယ်။
နိုင်ငံတကာကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုတွေနဲ့ ပျော့ပျောင်းစွာဝင်ရောက်ထိုးဖောက်နေတဲ့ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ဖြစ်စဉ်တွေကို " ရင်" သင်္ကေတအဖြစ်ကိုယ်စားပြုပြီး၊
လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ပဋိပက္ခတွေ၊ ပြင်းထန်ပေါက်ကွဲနေတဲ့တုန့်ပြန်မှုတွေ တည်ရှိရာ ပထဝီဝင်နိုင်ငံရေးကို " ယန်" သင်္ကေတအဖြစ်ကိုယ်စားပြုကြလေ့ရှိပါတယ်။
လစ်ဘရယ်ဝါဒ ရဲ့တိမ်းညွှတ်မှုအရ..ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ပူးပေါင်းဆောင်ရွက်မှုတွေကိုရည်ညွှန်းလေ့ရှိကြပေမဲ့၊ ပထဝီဝင်နိုင်ငံရေးဖြစ်စဉ်တွေကိုသာဦးတည်စဉ်းစားတဲ့
ရီရယ်လစ်အမြင်တွေက ဒီနေ့ခေတ်နိုင်ငံရေးကိုပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

 ပထဝီဝင်နိုင်ငံရေးပြဿနာတွေဆိုတာ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့နောက်ကျောဘက်မျက်နှာစာမှာကျရောက်နေတဲ့ အမှောင်ခြမ်းဖြစ်တယ်လို့တိတိကျကျထုတ်ဖေါ်ပြောလာကြတယ်။

သူတို့ပြောခဲ့သလိုပါပဲ။ ရောင်းဝယ်ဖောက်ကားမှုတွေကိုဦးစားပေးရတဲ့အတွက် နိုင်ငံတွေရဲ့ပြည်ဝင်ခွင့်စည်းမျဉ်းစည်းကမ်းတွေကိုလျော့ပေးခဲ့ရတယ်။
တားဆီးကာကွယ်မှုလျော့နည်းခဲ့လို့ပဲအကြမ်းဖက်သမားတွေက အမေရိကန်ပြည်ထောင်စုထဲကိုလွယ်လွယ်ကူကူဝင်ရောက်ခဲ့ပြီး ကုန်သွယ်ရေးမျှော်စင်နဲ့ပင်တဂွန်စစ်ဌာနချုပ်ကို
တိုက်ခိုက်တဲ့ စက်တင်ဘာ (၁၁) ရက်လိုအဖြစ်ဆိုးတွေပေါ်ပေါက်ခဲ့ရတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းအယူအဆကိုစတင်ဖန်တီးလိုက်တဲ့နိုင်ငံတခုဆီကို ဂလိုဘယ်လိုက်ဇေးရှင်းရဲ့အမှောင်ခြမ်းမှာရောက်နေတဲ့ အန္တရာယ်တွေက
ပြန်လည်တိုက်ခိုက်လိုက်တဲ့အခါ၊ အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့နိုင်ငံခြားရေးမူဝါဒတွေကိုပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခဲ့ရပါတော့တယ်။

တကယ်တော့ အသက်တမျှအရေးပါတဲ့အကျိုးစီးပွားကို ဘယ်လိုခေါင်းဆောင်မျိုးကမှအထိပါးခံလေ့မရှိပါဘူး။

## အပိုင်း (၂)

## ပထမကြေကွဲဘွယ်ပြောင်းလဲမှု ( The First Fault Line)

၁၉၉၀ ကာလစစ်အေးတိုက်ပွဲအဆုံးသတ်ခါနီးမှာ ချီကာဂိုတက္ကသိုလ်က နိုင်ငံရေးသိပ္ပံပညာရှင် ဂျွန်မီယာရှိုင်းမားကအတ္တလန်တစ်လစဉ်ထုတ်စာစောင်တခုမှာ
အခုလိုလှမ်းဆွတ်တသစွာကောက်ချက်ချခဲ့ဘူးတယ်။
"စစ်အေးတိုက်ပွဲကိုကျနော်တို့မကြာခင်မှာလှမ်းဆွတ်နေရတော့မယ်..ဘာကြောင့်လည်းသိလား၊  ဖြစ်စဉ်တွေအပေါ်တွက်ချက်ခန့်မှန်းမှုတွေ၊
နိုင်ငံတကာအခင်းအကျင်းနိုင်ငံရေးအစီအစဉ်တွေ၊..ဒီအဖြစ်အပျက်တွေကို ပြောင်းလဲမှုအစီအစဉ်တွေထဲမှာ သင့်တော်တဲ့တုံ့ပြန်မှုတွေနဲ့ တုံ့ပြန်သင့်တဲ့စွမ်းရည်တွေကိုလည်း
ကျနော်တို့လှမ်းဆွတ်နေကြရမှာမို့လို့ပါ"
( သူပြောချင်တာက ကမ္ဘာ့အစီအစဉ်သစ်တွေအပေါ်သင့်တော်တဲ့တုံ့ပြန်မှုတွေနဲ့တဖြည်းဖြည်းညှိယူလုပ်ကိုင်ဖို့အတွက်ပျက်ကွက်ခဲ့ကြတယ်လို့ဆိုလိုချင်ဟန်တူပါတယ်)

၁၉၉၀ ကာလတွေရဲ့ဆယ်စုနှစ်တွေအဆုံးမှာ..ဆိုဗီယက်ပြည်ထောင်စုအင်ပါယာဟာ နိုင်ငံပေါင်း (၁၅) နိုင်ငံအဖြစ်ကွဲထွက်သွားတယ်။
ကားလ်မာ့က်စ်ရဲ့စမ်းသပ်မှုတွေ သမိုင်းရဲ့ဖုံမှုံ့တွေထဲနစ်မြုပ်သွားတဲ့အချိန်မှာတော့ကွန်မြူနစ်နိုင်ငံအဖြစ်လက်ညှိုးထိုးပြစရာနိုင်ငံ (၄) နိုင်ငံသာ ကျန်တော့တယ်။
တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျူးဘား၊ ဗီယက်နမ် နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ဖြစ်တယ်။ အဲ့ဒီနိုင်ငံ (၄) နိုင်ငံကိုကြည့်လိုက်တဲ့အခါ၊ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတွေဟာ
ကားလ်မာ့က်စ်ရဲ့စီးပွားရေးဆိုင်ရာအတွေးအခေါ်တွေကို ပြောင်ပြောင်တင်းတင်းလမ်းခွဲလိုက်ပြီး၊ နိုင်ငံရေးအနှစ်သာရအဖြစ်သာ
ကွန်မြူနစ်အာဏာရှင်စံနစ်နဲ့ချုပ်ကိုင်ထားတဲ့ပုံစံမျိုးရှိနေခဲ့တယ်။ ကျူးဘားနိုင်ငံကိုကြည့်လိုက်တဲ့အခါ ဖီဒယ်ကပ်စ်ထရိုသေဆုံးသွားရင် ကွန်မြူနစ်စံနစ်ကနေ
လမ်းကြောင်းပြောင်းနိုင်တယ်လို့မျှော်လင့်ထားခဲ့ကြတယ်။

တကယ်တော့ စစ်အေးတိုက်ပွဲမထင်မှတ်ပဲ..ပြီးဆုံးသွားခြင်းဟာ နိုင်ငံတကာနိုင်ငံရေးအစီအစဉ်ဇယားတခုလုံးဝရုန်းသုန်းကားဖြစ်ပျက်ကျန်ရစ်ခဲ့တယ်။

စစ်အေးတိုက်ပွဲရဲ့ပထမဆယ်စုနှစ်တွေကိုကြည့်လိုက်မယ်ဆိုရင် အင်အားကြီးနိုင်ငံ နှစ်ခုရဲ့အားပြိုင်မှုဟာပြင်းထန်ခဲ့တယ်၊ ရွေးချယ်မှုတွေကကျပ်တည်းလွန်းတယ်။ ဒါပေမဲ့..၁၉၈၀..၁၉၉၀ ကာလတွေမှာနှစ်ဖက်စလုံးဟာသက်သာပြေလျော့မဲ့နည်းလမ်းတွေကိုရှာဖွေနိုင်ခဲ့ကြတယ်။ အဲ့သလိုပြေလျော့တဲ့နည်းလမ်းကိုရှာကြံနေဆဲအချိန်မှာပဲ၊ ဆိုဗီယက်ပြည်ထောင်စုဟာ မမျှော်လင့်ပဲပြိုကွဲသွားတယ်။ အကျိုးဆက်က.......ကမ္ဘာ့အခင်းအကျင်းအစီအစဉ်ဇယားတခုကို သင့်တော်တဲ့တုံ့ပြန်မှုတွေနဲ့စံနစ်တကျထိန်းသိမ်းပြောင်းလဲမှုမျိုးမပြုလုပ်နိုင်ခဲ့ဘူး။
ဝန်ရိုးစွန်းနှစ်ခုပေါ်မှာ ပါဝါကိုအခြေခံအားပြိုင်ထားတဲ့( Bipolar System) ပျောက်သွားတယ်။ အင်အားကြီးပါဝါဝင်ရိုးစွန်းတခုသာကျန်ခဲ့တယ်။
ဒါပေမဲ့အမေရိကန်ပြည်ထောင်စုကိုယ်တိုင်.. စစ်အေးတိုက်ပွဲအပြီးကာလမှာ ရေရာတိကျတဲ့ နိုင်ငံခြားရေးရာပေါ်လစီတွေ၊ နိုင်ငံတကာအခင်းအကျင်းအတွက်အစီအစဉ်ဇယားတွေတိတိကျကျရှိမနေခဲ့ပါ။ အမေရိကန်ပြည်ထောင်စုရဲ့နိုင်ငံရေးဦးဆောင်အဖွဲ့တွေထဲမှာ... ကမ္ဘာကြီးကိုဝင်ပါမဲ့အမေရိကန်တွေရဲ့အခန်းကဏ္ဍကိုငြင်းခုန်နေစဉ်မှာပဲ ၂၀၀၁ စက်တင်ဘာ(၁၁) ရက်တိုက်ခိုက်မှုကိုကြုံတွေ့လိုက်ရတော့တယ်။

## မငြင်းဆိုနိုင်သော အကျိုးကျေးဇူးများ

စစ်အေးတိုက်ပွဲအဆုံးသတ်သွားခဲ့တဲ့အတွက်အကျိုးကျေးဇူး နှစ်ခုဖြစ်ပေါ်ခဲ့တယ်။

(၁) တတိယကမ္ဘာစစ်ဖြစ်ပွားနိုင်တယ် ဆိုတဲ့ နျူကလီယားစစ်ပွဲရဲ့ခြိမ်းခြောက်မှုအန္တရာယ်ကနေကင်းလွတ်သွားခဲ့တယ်။

(၂) စစ်အင်အားတည်ဆောက်မှု၊ အသုံးစရိတ်တွေကိုအကြီးအကျယ်လျော့ချပစ်လိုက်တယ်။

၁၉၅၀ ကာလအတွင်းမှာ အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်ဘတ်ဂျက်ရဲ့ (၅၀) ရာခိုင်နှုန်းကို ကာကွယ်ရေးဝန်ကြီးဌာနအတွက်အသုံးပြုခဲ့တယ်။ ၁၉၆၀ ကာလတွေမှာတော့ ဖက်ဒရယ်ဘတ်ဂျက်ရဲ့ (၂၅) ရာခိုင်နှုန်းလောက်ကိုသာအသုံးပြုတော့တယ်။ ( ဆိုဗီယက်ပြည်ထောင်စု က သူ့နိုင်ငံ GNP ရဲ့ ၁၅ ရာခိုင်နှုန်း- ၂၅ ရာခိုင်နှုန်းလောက်ကိုစစ်အသုံးစရိတ်အတွက်အသုံးပြုနေချိန်ဖြစ်တယ်။) စစ်အေးတိုက်ပွဲအပြီးမှာတော့ အင်အားကြီးနိုင်ငံနှစ်ခုလုံးဟာသူ့ရဲ့ တိုက်ခိုက်ရေးစစ်သားအင်အားတွေကိုလည်းလျော့ချပစ်လိုက်တယ်။
၁၉၈၈ မှာအမေရိကန်ပြည်ထောင်စုရဲ့အမြဲတမ်းအသက်ဝင်နေတဲ့စစ်သားအင်အား (၂.၅) သန်းရှိခဲ့ပေမဲ့၊ ၁၉၉၈ မှာတော့ (၁.၄) သန်းလောက်သာရှိတော့တယ်။ ရုရှားဖက်ဒရေးရှင်းကလည်း ဆိုဗီယက်ပြည်ထောင်စုရှိနေစဉ်ကာလကစစ်သားအင်အားကိုအကြီးအကျယ်လျော့ချပစ်လိုက်တယ်။ ၁၉၉၈ မှာတော့ ရုရှားစစ်သည်တော် ( ၁.၁၂) သန်းရှိတယ်။ စစ်အသုံးစရိတ်သုံးစွဲမှုကတော့ အမေရိကန်ပြည်ထောင်စုနဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကြားမှာအကြီးအကျယ်ကွာဟနေဆဲဖြစ်တယ်။ လန်ဒန်မှာတည်ရှိတဲ့ မဟာဗျူဟာလေ့လာရေးနိုင်ငံတကာတက္ကသိုလ်က ၁၉၉၈ ခုနှစ်ကမ္ဘာ့ နိုင်ငံတွေရဲ့ကာကွယ်ရေးဝန်ကြီးဌာနအသုံးစရိတ်ကိုစုဆောင်းတင်ပြခဲ့တယ်။

အမေရိကန်ပြည်ထောင်စုရဲ့စစ်အသုံးစရိတ် ..........၂၆၅.၉ ဘီလီယံ

ဒုတိယအင်အားကြီး(၇) နိုင်ငံဖြစ်တဲ့ ရုရှား၊ ဂျပန်၊တရုတ်၊ပြင်သစ်၊ဗြိတိန်၊ဂျာမဏီ၊အီတလီ နိုင်ငံတွေရဲ့စုစုပေါင်းစစ်အသုံးစရိတ် ................၂၅၉.၂ ဘီလီယံ

အဲ့ဒီ (၇) နိုင်ငံအပြင် ဘရာဇီးနိုင်ငံရဲ့စစ်အသုံးစရိတ်ကိုထည့်ပေါင်းလိုက်မှသာ အမေရိကန်ပြည်ထောင်စုကိုကျော်လွန်နိုင်မှာဖြစ်တယ်။ (၂၇၇.၂ ဘီလီယံဖြစ်တယ်)

လက်ရှိမှာ အမေရိကန်ပြည်ထောင်စုဟာ အာဖကန်နစ္စတန် နဲ့ အီရတ်စစ်ပွဲကိုဆင်နွှဲနေရပေမဲ့..ကာကွယ်ရေးဝန်ကြီးဌာနအသုံးစရိတ်ဟာ ဖက်ဒရယ်ဘတ်ဂျက်ရဲ့ (၂၀ % နဲ့ ၂၅ %) ကြားမှာရှိတယ်။ အမေရိကန်ပြည်ထောင်စု GNP ရဲ့ ( ၃.၅ % နဲ့ ၄ %) ကြားမှာရှိတယ်။
ဗီယက်နမ်စစ်ပွဲကာလတုံးကစစ်အသုံးစရိတ်ဟာ GNP ရဲ့ ( ၉ %) ကျော်ရှိတာကြောင့်၊ စစ်ပွဲ နှစ်ပွဲအပါအဝင်အမေရိကန်ပြည်ထောင်စုသုံးစွဲနေတဲ့စစ်အသုံးစရိတ်ဟာ စစ်အေးတိုက်ပွဲကာလတုံးကနဲ့နှိုင်းယှဉ်ရင်လျော့ချသုံးစွဲနေတာကိုတွေ့ရမယ်။







## အပြင်းပွားဘွယ်မျှော်လင့်ချက်များ

စစ်အေးတိုက်ပွဲအဆုံးသတ်မှုနဲ့အတူကြီးကျယ်တဲ့ပြောင်းလဲမှုတွေကိုသယ်ဆောင်လာလိမ့်မယ်လို့အကောင်းမြင်မျှော်လင့်ချက်တွေနဲ့ခံစားနားလည်ခဲ့ကြတယ်။
ဒါပေမဲ့ ဒီမျှော်လင့်မှုတွေဟာ အခုတော့ ပူလောင်နေတဲ့အငြင်းပွားစရာတွေအဖြစ်တည်ရှိနေခဲ့တယ်။ အကောင်းမြင်မှုတွေနဲ့မျှော်လင့်ခဲ့တဲ့လုပ်ဆောင်မှုတွေထဲမှာတော့

(၁) စစ်အေးတိုက်ပွဲအပြီး ၁၉၉၀ ကာလတွေမှာ အမေရိကန်ပြည်ထောင်စုဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီက ပြဿနာတွေကိုပိုအာရုံစိုက်ခဲ့တယ်။
တခါတလေမှာ လူသားချင်းစာနာတဲ့ဝင်ရောက်စွက်ဖက်မှုတွေ၊ ငြိမ်းချမ်းရေးတပ်တွေစေလွှတ်ဖြန့်ကျက်မှုတွေကိုပါဝင်ခဲ့တယ်။ ( ဆိုမားလီးယား၊ ဟေတီ၊ ကိုဆိုဗို...)

(၂) ဂလိုဘယ်လိုက်ဖေးရှင်းရဲ့အစီအစဉ်တွေကိုမြှင့်တင်လိုက်ခြင်းဟာ နိုင်ငံတွေတနိုင်ငံနဲ့တနိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်မှုတွေများလာခဲ့တယ်။ စီးပွားရေးမှီခိုမှု၊
ဆက်စပ်မှုတွေပိုမိုများပြားလာခဲ့တယ်။

ဒါပေမဲ့ ဒီမျှော်လင့်ချက်တွေ၊ ခန့်မှန်းမှုတွေဟာမှားယွင်းစွာကောက်ချက်ချမိတဲ့ဖြစ်ရပ်တွေလို့သဘောပေါက်နားလည်လာခဲ့ကြတယ်။

(၁) ဂလိုဘယ်လိုက်ဖေးရှင်းကြောင့်ရရှိလိုက်တဲ့စီးပွားရေးအကျိုးကျေးဇူးတွေကိုပိုပိုသာသာတွက်ချက်လိုက်ခြင်းဟာတခါတလေမှာမှားယွင်းနေခဲ့တယ်။
၁၉၉၀ ကာလတွေရဲ့ ဆက်လျှောက်( Go-Go) စီးပွားရေးအမြင့်မားဆုံးကာလတွေမှာ. ခေတ်မှီတိုးတက်တဲ့နည်းပညာတွေဟာ
ရိုးရာနည်းပညာတွေအပေါ်လွှမ်းမိုးသွားခဲ့ရုံသာမကတခါတလေဖယ်ရှားပစ်နိုင်ခဲ့တယ်။ ၁၉၉၀ ကာလကုန်ခါနီးမှာ ကမ္ဘာ့ကားဈေးကွက်ထဲကို ကားပေါင်း (၈၀) သန်း
ထုတ်လုပ်ခဲ့ပေမဲ့ (၆၀) သန်းလောက်သာရောင်းချနိုင်ခဲ့တယ်။ အကျိုးဆက်ကတော့ ထုတ်ကုန်တွေပိုလျှံခဲ့တာကြောင့်စက်ရုံတွေကိုခဏရပ်ထားလိုက်ရတဲ့အခါ၊
လူတွေအလုပ်လက်မဲ့ဖြစ်ကုန်တယ်။၁၉၉၇ မှာ ထိုင်းနိုင်ငံကစတင်ခဲ့တဲ့ ငွေကြေးအကျပ်အတည်း၊
ဂျပန်နိုင်ငံရဲ့ စီးပွားရေးတောင့်တင်းခိုင်မာမှုလျော့ကျလာခြင်းတွေဟာ ဂလိုဘယ်လိုဖေးရှင်းအပေါ်မှာသံသယကြီးလာတဲ့အချက်တွေဖြစ်ခဲ့တယ်။

(၂) ဈေးကွက်စီးပွားရေးလွတ်လပ်မှုနဲ့ ဂလိုဘယ်လိုက်ဖေးရှင်းဟာ နိုင်ငံရေးလွတ်လပ်မှုကိုဦးတည်သွားနိုင်တယ်ဆိုတဲ့တွက်ချက်မှုတွေဟာ မှန်ကန်မှုမရှိခဲ့ဘူးဆိုတာ
သက်သေပြစရာတွေအများကြီးရှိနေခဲ့တယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ စီးပွားရေးစံနစ်ကိုဖွင့်ပေးခဲ့ပေမဲ့ဒီမိုကရေစီရေးလှုပ်ရှားမှုအပေါ်နိုင်ငံရေးနှိပ်ကွပ်မှုတွေကိုတော့
ရပ်တန့်သွားမှုမရှိခဲ့ဘူး။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း ( WTO ) မှာအဖွဲ့ဝင်အဖြစ်သတ်မှတ်လိုက်ပြီး တရုတ်ခေါင်းဆောင်တွေရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေကို
နည်းပါးသွားအောင်ဖျောင်းဖျနိုင်ခဲ့မယ်လို့ထင်ခဲ့တယ်။     ဒါပေမဲ့ထင်သလိုမဖြစ်ခဲ့ဘူး။

(၃) ကမ္ဘာ့အနှံ့အပြားမှာ ဂလိုဘယ်လိုက်ဖေးရှင်းကိုပြန်လည်စိန်ခေါ်တဲ့လှုပ်ရှားမှုတွေတစထက်တစများပြားလာခဲ့တယ်။
၁၉၉၉ နိုဝင်ဘာလမှာ အမေရိကန်ပြည်ထောင်စု၊ဆီရပ်တဲလ်မြို့မှာကျင်းပတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း ( WTO ) အစည်းအဝေးကို ထင်ရှားတဲ့အလုပ်သမား
သမဂ္ဂခေါင်းဆောင်တွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအဖွဲ့ကခေါင်းဆောင်တွေဦးဆောင်ပြီး အင်အား နစ်သောင်းကျော်ဆန္ဒပြခဲ့ကြတယ်။
အလုပ်သမားသမဂ္ဂတွေက အလုပ်သမားခတွေဈေးပေါပေါနဲ့ခိုင်းစေမှာကိုစိုးရိမ်နေကြသလို၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေကလည်းအင်အားကြီးကုမ္ပဏီတွေရဲ့
သဘာဝပတ်ဝန်းကျင်လေထုညစ်ညမ်းမှုတွေအပေါ်တာဝန်မဲ့စွာလုပ်ဆောင်နေမှုတွေကိုရှုတ်ချပြစ်တင်ခဲ့ကြတယ်။
၂၀၀၀ ခုနှစ် ဝါရှင်တန်ဒီစီမှာ ကျင်းပခဲ့တဲ့ ပြန်လည်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဘဏ် ( IBRD) ရဲ့အစည်းအဝေးကိုလည်း
ဒီအုပ်စုတွေကပဲဆန့်ကျင်ဆန္ဒပြခဲ့ကြတယ်။ ၂၀၀၅ ခုနှစ် အာဂျင်တီးနားမှာကျင်းပတဲ့ အမေရိကားတိုက်ရဲ့လွတ်လပ်စွာကုန်သွယ်ရောင်းဝယ်မှုနယ်ပယ်များ

( Free Trade Areas of the Americas) ( FTAA မှာ..ကျူးဘားနိုင်ငံတခုတည်းပဲပါဝင်ခွင့်မပေးခဲ့ပါ) အစည်းအဝေးဆီကိုလည်း ဆန္ဒပြသူတွေက ထောင်၊သောင်းချီပြီးဆန့်ကျင်ခဲ့ကြတယ်။

## ပေါ်လစီလွန်ဆွဲမှုများ

၂၀၀၁ ခုနှစ်မှာ ဘုရှ်အစိုးရရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးအရာရှိတဦးဖြစ်ခဲ့သူ ဒေါက်တာကွန်ဒိုလီဇာရိုက်စ်က

"အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာ့ပုလိပ် အဖြစ်သရုပ်ဆောင်နေဖို့မလိုဘူး။ 82 Airborne လိုအမေရိကန်စစ်သားတွေဟာ ကိုဆိုဗိုက ကလေးတွေကိုစောင့်ရှောက်နေခြင်းဟာ အမေရိကန်လက်ရွေးစင်လူတန်းစားတွေအတွက်မသင့်တော်လှဘူး။ ဒါကြောင့် အဆုံးအစမရှိတဲ့ စိတပ်ဖြန့်ကျက်မှုတွေဟာစိတ်ပိုင်းဆိုင်ရာတွေကိုထိခိုက်လာနိုင်ဘွယ်ရှိတယ်" လို့ဆိုခဲ့တယ်။ ဘုရှ်အစိုးရအဖွဲ့ဟာ ကိုဆိုဗို နဲ့ ဘော့စနီးယားမှာ အမေရိကန်စစ်တပ်ပါဝင်ပတ်သက်နေမှုကိုရပ်ဆိုင်းပစ်လိုက်ဖို့အထိအကြံပေးခဲ့ကြတယ်။

ဒါပေမဲ့ အမေရိကန်ပြည်ထောင်စုရဲ့မဟာမိတ်တွေဖြစ်တဲ့ ဥရောပနိုင်ငံတွေကဘုရှ်အစိုးရအဖွဲ့ကိုလျင်မြန်စွာဆက်သွယ်ပြီးဖုံးပြောခဲ့ကြတယ်။
ကိုဆိုဗို နဲ့ ဘော့စနီးယားမှာ အမေရိကန်တပ်စွဲမှုတွေကိုရုတ်သိမ်းမပစ်ပဲဆက်လက်ထားရှိဖို့၊ နိုင်ငံတကာမှာဖြစ်ပျက်နေတဲ့ပဋိပက္ခတွေကိုဝင်ရောက်ဖြေရှင်းတဲ့အခါ အမေရိကန်တပ်တွေဖြန့်ကျက်မှုတွေကိုဆက်လက်လုပ်ဆောင်ပေးဖို့တိုက်တွန်းခဲ့ပါတယ်။ ဝင်ရောက်မစွက်ဖက်ရေးဆိုတဲ့အကြံပေးချက်တွေအေးစက်သွားခဲ့ပါတယ်။
အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအကြီးအကဲဒေါ်နယ်ရမ်စဖဲဒ်က
"ငြိမ်းချမ်းရေးတပ်ဖွဲ့တွေဖြန့်ကျက်မှုအပါအဝင် ထိရောက်တဲ့အမေရိကန်စစ်ရေးစွက်ဖက်မှုမဟာဗျူဟာတွေကိုပြန်လည်ဆန်းစစ်အဖြေရှာမယ်"
လို့ ဥရောပနိုင်ငံတွေကမဟာမိတ်တွေကိုချက်ချင်းတုံ့ပြန်လိုက်တယ်။

ဥရောပဟာ သူ့ရဲ့ပြဿနာတွေကို ဒုတိယကမ္ဘာစစ် အတွင်း နဲ့ စစ်ကြီးပြီးဆုံးစဉ်ကတည်းကသူကိုယ်တိုင်ဖြေရှင်းနိုင်ခဲ့ပါရဲ့လား။

ယူကရိန်း ပြဿနာအပါအဝင်ဥရောပမှာဖြစ်ပျက်နေတဲ့ပဋိပက္ခတွေကိုဖြေရှင်းဖို့အတွက်အမေရိကန်ပြည်ထောင်စုဟာအရေးအပါတဲ့အင်အားကြီးနိုင်ငံတခုဖြစ်နေဆဲပဲဆိုတာ အဖြစ်အပျက်တွေကသက်သေခံနေပါတယ်။ ဒီအချက်ဟာ စစ်အေးတိုက်ပွဲကာလအတွင်းမြောက်အတ္တလန်တစ်သဘောတူညီမှုအဖွဲ့( NATO) ဘာကြောင့်မွေးဖွားလာခဲ့သလဲဆိုတဲ့ သမိုင်းဆိုင်ရာအချက်အလက်တခုကိုပြန်လည်အမှတ်ရစေမှာဖြစ်သလို၊ အမေရိကန်ပါဝါရဲ့အဆင့်အတန်းကိုအနုတ်လက္ခဏာဆောင်တဲ့ အမြင်နဲ့သုံးသပ်နေကြတဲ့သူတွေအတွက်သေသေချာချာစဉ်းစားပြောကြဖို့အတွက် သတိပေးနေတဲ့အချက်တချက်ဖြစ်နေပါလိမ့်မယ်။

အပိုင်း(၂) ကို ဆက်ရေးသွားပါမယ်။

အောင်မိုးဝင်း

"The Military Balance" ဆိုတဲ့စာအုပ်ကိုဝယ်ပြီးလေ့လာစေချင်ပါတယ်။ ဒေါ်လာ (၄၀၀) လောက်ပေးရမယ်ထင်တယ်။
နိုင်ငံတိုင်းတနိုင်ငံချင်းဆီက ပိုင်ဆိုင်တဲ့ လေယာဉ်တင်သင်္ဘောတွေ၊စစ်လက်နက်တွေရဲ့အားကောင်းချက်၊အားသာချက်တွေ၊ စစ်တိုက်ခိုက်ရေးစွမ်းရည်တွေကိုလေ့လာလို့ရပါတယ်။ ဒီစာအုပ်ဟာ စစ်ရေးစိတ်ဝင်စားသူတွေအတွက်ပြင်းပြင်းထန်ထန်စဉ်းစားမိစေမဲ့ အချက်အလက်တွေကိုတွေ့ရမှာဖြစ်ပါတယ်။